# မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် တိုင်းရင်းဆေးအသုံးပြုမှုအပေါ် လွှမ်းမိုးသော ယဉ်ကျေးမှု ဓလေ့ထုံးစံကို လေ့လာခြင်း


သော်ဇင်[၁]၊ စိန်ဝင်း[၂]၊ ခင်ချစ်[၁]၊ တင်မောင်လေး[၂]၊ ကြည်ကြည်[၂]၊ ကြည်မေထွေး[၂]၊
မိုးမိုးအေးနှင့် ယုယုနွယ်[၁]

[၁]ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)

[၂]တိုင်းရင်းဆေးပညာဦးစီးဌာန



တိုင်းရင်းဆေးဟူသည် ယဉ်ကျေးမှုအမျိုးမျိုးကို အခြေခံ၍ အတွေ့အကြုံကျွမ်းကျင်မှုနှင့် အသိပညာတို့ကို ပေါင်းစည်း၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (၂၀၀၁) မှ တိုင်းရင်းဆေးဟူသည် လူနာများ၏ ယဉ်ကျေးမှုနှင့် တွေးခေါ်ကြံဆမှုအပေါ်တွင် ဆက်စပ်လျက်ရှိပြီးအနောက်တိုင်းဆေးများထက် ပိုမို၍ တွေးခေါ်နက်နဲရုံမက ကုသမှုဘောင်မှာ ပိုမိုကျယ်ဝန်းကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ မြန်မာပြည်၌ ကျန်းမာရေးစောင့်ရှောက်ရာတွင် တိုင်းရင်းဆေးကိုသုံးစွဲရာ၌ယဉ်ကျေးမှုစရိုက်ပေါ်မူတည်၍ သုံးစွဲကြကြောင်းတွေ့ရသည်။ ဤသုတေသနကို ရန်ကုန်မြို့နှင့်ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပြုလုပ်ထားပါသည်။ အဓိကရည်ရွယ်ချက်မှာ ၎င်းဒေသများရှိလူမှုရေးဆိုင်ရာ အချက်အလက်များ ယဉ်ကျေးမှု လွှမ်းမိုးခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် ယုံကြည်မှုနှင့်ကျန်းမာရေးအတွက် အသုံးပြုမှုများကို ပြည်သူလူထုအတွင်း ကွင်းဆင်းလေ့လာတင်ပြခြင်းဖြစ်ပါသည်။ လေ့လာတွေ့ရှိချက်အရ ဒေသတစ်ခုအတွင်းရှိ လူများ၏ ဒေသစွဲအယူအဆများကြောင့်မိရိုးဖလာ တိုင်းရင်းဆေးကုသမှုကို ပို၍နှစ်သက်ကြကြောင်း တွေ့ရှိရပါသည်။ တိုင်းရင်းဆေးပညာ၏ အဓိကတွေ့ရှိရသော အချက်မှာ အလွယ်တကူပြောင်းလဲလက်ခံရန် ခက်ခဲခြင်း၊ အလုမ်းဝေးကွာခြင်းနှင့် ဆေးတစ်ခု၏ ရောဂါတစ်ခုအပေါ် ထိရောက်မှုအပြင် ဆေးဆရာ၏လက်တွေ့စွမ်းဆောင်မှုပြနိုင်သော အချက်များပေါ်တွင် မူတည်နေပါသည်။ ရန်ကုန်ကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှု အလွယ်တကူ ရရှိနိုင်သောနေရာ၊ ကုသမှုခံယူရာတွင် အစွဲရှိသော နေရာမျိုး၌ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတို့ကို အဓိကမထားသော်လည်း ရှမ်းပြည်နယ်တောင်ပိုင်းတွင် ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံတိုင်းရင်းသားတို့၏ မိမိလုပ်ငန်းအပေါ်

စိတ်ပူပန်မှု နည်းပါးမှုကြောင့် စိတ်ပိုင်းဆိုင်ရာ တိုင်းရင်းဆေးဆိုင်ရာ ရောဂါဖြစ်ပွားသူ အရေအတွက် နည်းပါးပြီး လူဦးရေ အများစုသည် မိမိခံစားနေရသော ဝေဒနာအား တိုင်းရင်းဆေး သို့မဟုတ် မိရိုးဖလာ သုံးနေကျဆေးကို သုံးစွဲမှီဝဲခြင်းဖြင့် သက်သာပျောက်ကင်းကြောင်းတွေ့ရသည်။ ရှမ်းပြည်နယ်တောင်ပိုင်းကဲ့သို့သော ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာကို အလေးထားသော နေရာမျိုးတွင် မိရိုးဖလာဓလေ့ထုံးတမ်း၊ အရိုးစွဲနေသော ခံယူထားမှုအပေါ် အခြေခံ၍ တိုင်းရင်းဆေးကို သုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။